စေဉ့်ကူးမင်းနှားတော်သွင်း

# ဝင ခေါ င
# ပလိပ်ဓားစေးချင်း

မင်းရဲရာဇာဘွဲ့ခံဦးဖျော်

mgyoe.com

ပလိပ်စားအေးချင်း၊ မင်းရဲရာဇာဘွဲ့ခံ ဦးဖျော်
စာမျက်နှာ ၉၆+ မျက်နှာ၊ ၁၂·၇စင်တီ× ၁၇·၅စင်တီ

ထုတ်ဝေသူ - ဦးသန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၁ ဟံသာဝတီပုံနှိပ်တိုက်ထုတ် ဒုတိယအကြိမ်မှု၊ (ပထမအကြိမ်-၁၉၂၂)

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# ပလိပ်စားဧးချင်း

## မင်းရဲရာဇာဘွဲ့ခံ ဦးဖျော်

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၄

mgyoe.com

mgyoe.com

•

ဟံသာဝတီမူ၊
Copy Print

mgyoe.com

mgyoe.com

## မင်းရဲရာဇာဘွဲ့ခံ ဦးဖျော်

သီကုံးသည့်

**စေဥ္စကူးမင်းနှားတော်သွင်း**

**ခေါ်**

# ပလိပ်တားဧးချင်း

တည်းဖြတ်သူ

ဟံသာဝတီ ဦးဘရင်

mgyoe.com

mgyoe.com

# ပလိပ်ဓာ၊ဧးချင်းပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၂၂-ခု
ဒုတိယအကြိမ် ၁၉၆၁-ခု ဇန္နဝါရီလ

mgyoe.com

mgyoe.com

# နိဒါန်း

မြတ်စွာဘုရားသခင်သည် မဇ္ဈိမဒေသမှ ခရီးဒေသစာရီကြွချီတော်မူခဲ့၍ မြန်မာနိုင်ငံ ရတနာပူရမြို့ကို ဗျာဒိတ်စကား ထားတော်မူသည်မှာ– မင်းဝံမြင့်မား၊ တောင်တေစီဖျားထက်၊ ဘုရားအလျှာ၊ နောင်လာဆက်ခံ၊ စိုးစံပြည်ကြီးတည်လတ့ံ၊ ထိုပြည်သည်ကမ္ဘာဦးက ပဒုမစန္ဒာပြည်-ဟူ၍လည်းကောင်း၊ သူရိယာမင်းလက်ထက် ရောဝတီ-ဟူ၍လည်းကောင်း၊ ဝရုဏ္ဏမင်းလက်ထက် ပုရိန္ဒနဂ္ဂ-ဟူ၍ လည်းကောင်း၊ ကကုသန်ဘုရားလက်ထက် ရတနာပူရ သုနာပရန္တ-ဟူ၍လည်းကောင်း၊ ကောဏာဂုံဘုရားလက်ထက် ဥဿဘ-ဟူ၍လည်းကောင်း၊ ဤကဲ့သို့ အသီးအသီး ခေါ်ဝေါ်ပညတ်လိမ့်မည်ကို အတိတ်စကား ကြားတော်မူခဲ့ကြောင်း၊ ၎င်းပြည်သည် တစီးရှင်လက်ထက်မှ အဝတွင်သော ရတနာပူရမြို့ကို အလောင်းဘုရားကြီးပထမဥကင် မုဒ္ဓါဘိသိက် ဆင်တော်မူပြီးနောက် သားတော်ဆင်ဖြူရှင် မင်းတရားသည် သက္ကရာဇ် ၁၁၂၅-ခုနှစ်တွင် မင်းဖြစ်တော်မူ၍ ၎င်းရတနာပူရမြို့ကို သက္ကရာဇ် ၁၁၂၇-ခု ဝါခေါင်လဆန်း ၃-ရက် အင်္ဂါနေ့ ည ၄-ချက်တီးကျော်အချိန်တွင် ရွှေမြို့, ရွှေနန်း,တည်တော်မူကြောင်း၊၎င်းကဲ့သို့တည်တော်မူပြီးလျှင်ရတနာသိင်္ဃကုန်းဘောင် နေပြည်တော်က ထိုနှစ်နတ်တော်လဆန်း ၁၅-ရက်ကြာသပတေးနေ့ ကျောက်မြောင်းဆိပ်သို့ ဆင်းသက်တော်မူ၍ ရတနာပူရ အင်းဝရွှေမြို့

mgyoe.com

mgyoe.com


တော်အရောက် စုန်ဆင်းတော်မူပြီးလျှင် ရွှေထီး၊ ရွှေနန်း သိမ်းမြန်းစိုးစံတော်မူကြောင်း၊ ၎င်းနောက် ၁၁၃၃-ခုနှစ် နယုန်လပြည့်ကျော် ၁၀-ရက် သောကြာနေ့ မကွေးမြို့ကဆင်ဖြူရတနာ ရောက်လာသည်ကိုအစွဲပြု၍ ''ဆင်ဖြူရှင်''နာမံခံတော်မူကြောင်း၊ ထိုဆင်ဖြူရှင်လက်ထက် ပုခန်းကြီးမြို့ ဘွားရာဇာတိရှိသောဆရာကြီး ဦးဖျော်သည် သားဇေတ် စစ်ကူးမင်း အထံတော်မှာ ဆရာအဖြစ်ဖြင့် ထမ်းရွက်နေထိုင်စဉ် စစ်ကူးမင်းက''မင်္ဂလာမဏ္ဍိုင်''ချီသော မင်းရဲဒိဗ္ဗ ဧးချင်းသည် အလင်္ကာရသ ရှိပေသည်ဟု ချီးမွမ်းတော်မူလျှင်၎င်းဆရာက ရေးသားနိုင်ကြောင်း ရှိခိုးသံတော် ဦးတင်ရာ သားတော် စစ်ကူးမြို့စားမင်းသားကတောင်းပန်၍ မင်္ဂလာချက်ဘွေ အစရှိသော ရွှေနားတော်သွင်းဧးချင်းကို မင်းဆက် အိမ်နိမ့်နန်းစံနှင့်တကွ ရေးသားဆက်သွင်းရာ သဘောတော်အလွန်နှစ်သက်၍''မင်းရဲရာဇာ''ဘွဲ့နှင့်ပလိပ်ရွာကိုလည်း အစားသနားတော်မူကြောင်း၊ ၎င်းရွှေနားတော်သွင်း ပလိပ်စားဧးချင်းကို မင်းအဆက်ဆက်ပေရွက် ပုရပိုက်များတွင် အက္ခရာမချွတ် ကူးရွတ်ကျက်မှတ်၍ လာသည်အတိုင်း ယခင် အင်္ဂလိပ်အစိုးရမင်းတို့ လက်ထက် ပညာရေးဌာနဆိုင်ရာ အစိုးရတို့သည် အရပ်ရပ် စာသင်ကျောင်းများတွင် အဋ္ဌမတန်း၌ ကျောင်းသား သူငယ်တို့သင်ကြား လေ့ကျက်ရန် စီမံပြဋ္ဌာန်းခဲ့သောကြောင့် သုတေသန သုတဗုဒ္ဓိ သိမြင်ကောင်းချီး ငြမ်းကြီးလက်

mgyoe.com


mgyoe.com



သုံး နှလုံးသွင်းလိုသော အမျိုးကောင်းသားတို့ သင်ကြား နှုတ်တက် လေ့ကျက် ကြည့်ရှုခဲ့ကြပေသည်။


ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပလိပ်စားဧးချင်းသည် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိနေသဖြင့် ဗဟုသုတလိုလားသော အမျိုးသားတို့အတွက် ဒုတိယအကြိမ် ကျွန်ုပ်တို့ ဟံသာဝတီ ပုံနှိပ်တိုက်မှ ထပ်မံ ပုံနှိပ်လုပ်ဆောင်အပ်ပါသတည်း။

"ဟံသာဝတီ"
၁၂-၁-၆၁



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အဌမပွဲတော်

## ဦးဖျော်

ဤဇေယျကူးမင်း နားတော်သွင်း၍ခေါ် ပလိပ်စား ဧချင်းကို သီကုံးရေးသားခဲ့သူကား အဘပုဏ္ဏားမျိုး အမိမြန်မာဖြစ်၍ ကောဇာသက္ကရာဇ် ၁၁၀၀-ပြည့် နှစ်တွင် ပုခန်းကြီးမြို့၌ ဘွားမြင်သော ငယ်မည် ဦးဖျော်ပင် ဖြစ်ကာ ပုခန်းကြီးမြို့ပဲခင်းကျောင်း ဆရာ တော်ဘုရားကြီး၏ တူအရင်းလည်း ဖြစ်သဖြင့် အရွယ် ရောက်လျှင် သင်ရိုး စာပေများကိုသာမက နက္ခတ်, ဗေဒင်, ရာဇဝင် စသည်တို့ကိုလည်း သင်ကြားတတ် မြောက် တဘက်ကမ်းရောက် လေသည်။

ကောဇာသက္ကရာဇ် ၁၁၂၅-ခုနှစ်သို့ ရောက်သော အခါ ဆင်ဖြူရှင် မင်းတရားကြီးသည် ခမည်းတော် အလောင်း မင်းတရားကြီးနှင့် နောင်တော်ကြီး မင်း တို့၏ အရိုက်အရာ ရွှေထီးရွှေနန်းကိုသိမ်းမြန်းဆက်ခံ တော်မူ၍"သီရိပဝရ သုဓမ္မ မဟာရာဇာဇနိန္ဒာဓိပတိ" ဟူသော တံဆိပ်နာမကိုခံကာ သက္ကရာဇ် ၁၁၂၇- ခုနှစ် ဝါခေါင် လဆန်း ၃-ရက် အင်္ဂါနေ့ ၄- ချက်တီးကျော် အချိန်တွင် ရတနာပူရ အဝ နေပြည် တော်၏ မြို့တော်, ရွှေနန်းတော်တို့ကို တတိယမြောက် တည်တော်မူရာ အလုံးစုံ ပြီးပြေသဖြင့် ထိုနှစ် နတ် တော် လဆန်း ၁၅-ရက် ကြာသပတေး နေ့တွင်

mgyoe.com

mgyoe.com



ရတနာသိယ် ကုန်းဘောင်နေပြည်တော်မှ ကျောက် မြောင်းဆိပ်သို့ ဆင်းသက်တော်မူကာ ရတနာပူရ အဝရွှေမြို့တော်သို့ ရေကြောင်းစုန်တော်မူ၍ ရောက် တော်မူလျှင် ရွှေနန်းသိမ်း မင်္ဂလာသဘင် ဆင်ယင် တော်မူလေသည်။

သို့သိမ်းတော်မူပြီး သက္ကရာဇ် ၁၁၃၃-ခု နယုန် လပြည့်ကျော် ၁၀-ရက် သောကြာနေ့သို့ ရောက်သော အခါ မကွေးမြို့မှ ဆင်ဖြူတော်ရတနာ အဆက်အသ ရောက်သည်ကို "ဆဒ္ဒန်ပြောင်ကျော်" ဟူသော ဘွဲ့ကို ထပ်ကာ ခံယူတော်မူ၍"ဆင်ဖြူရှင်"ဘွဲ့ကို ခံယူတော် မူလေသည်။

ပလိပ်စား

ထိုဆင်ဖြူရှင် မင်းတရား လက်ထက် တော်တွင် သားတော်ဖြစ်သော စဉ့်ကူးမင်းသားထံ၌ ဦးဖျော်ီ မှာ ဆရာအဖြစ်နှင့် အမှုတော်ကို ထမ်းရွက်လေရာ တခါသော် စဉ့်ကူးမင်းသားက ရှင်သံခို သီကုံးခဲ့ သည့် မင်္ဂလာမဏ္ဍိုင် ချီ မင်းရဲဒိဗ္ဗ ဧချင်းသည် အ လင်္ကာဂုဏ်,ရသတို့နှင့်ပြည့်စုံသဖြင့်လွန်စွာမှကောင်း ကြောင်းချီကျူးလေရာ ဆရာကြီးကလည်း ထိုကဲ့သို့ ပင် ရေးသားနိုင်ကြောင်း လျှောက်ထားသဖြင့် ရေး သားရန် စဉ့်ကူးမင်းသားက တောင်းပန်သော ကြောင့်"မင်္ဂလာချက် ဖွေ"ချီ ပုဒ်ရေပေါင်း ၇၀-ရှိ သော ဤရွှေနားတော်သွင်း ဧချင်းကို ရေးသားဆက်

mgyoe.com

mgyoe.com



သွင်းလေရာဆင်ဖြူရှင်မင်းတရားကြီးသဘောတော်ကျလှသောကြောင့် ''မင်းရဲရာဇာ''ဘွဲ့နှင့်(နားတောင်းမရှိသော စောမွန်လှအား နားတောင်းအလို့ငှါ ပေရွက်ကို လိပ်၍ ပေလိပ်နားတောင်း ဆက်သရာ ဖြစ်သောကြောင့် မူလက ပေလိပ်ရွာ နောက်မှ ပလိပ်ရွာဟု ခေါ်သော) ပလိပ်ရွာကို စားစေရ၍ ငစဉ့်ကူးမင်းသား မင်းဖြစ်သော အခါ၌လည်း ထိုဘွဲ့ဖြင့်သာ ပလိပ်ရွာကို ဆက်၍စားရလေသည်၊ ထို့ကြောင့် ထိုဧးချင်းကို ပလိပ်စားဧးချင်းဟူ၍ နောက်မှ ခေါ်တွင်လေသည်။

ထို့နောက် အမရပူရ ပထမ မြို့တည် နန်းတည် ဖြစ်တော်မူသော အောင်မြေ လောက စေတီတောခ်ီ ဒါယကာ ဘိုးတော်မင်းတရားကြီး လက်ထက်၌ကား ဟူးရားညီ ဘွဲ့ဖြစ်သော ''သီရိပဏ္ဍိတ်''ဘွဲ့ကို ခံယူရရှိ ကာကျောက်ရင်းမြို့တောင်သာ မြို့တို့ကိုလည်း စားရလေသည်။

ထို့နောက် သက္ကရာဇ် ၁၁၇၁-ခု နှစ်တွင် ဘိုးတော် မင်းတရားကြီး၏ အရိုက်အရာကို ဆက်ခံ စိုးစံတော်မူသော စတုတ္ထ ရတနာပူရ မြို့တည် နန်းတည် စကိုင်းမင်း လက်ထက်တွင် အသက် ၇၀-ကျော်မှာ အနိစ္စ ရောက်လေသည်။

### ရေးခဲ့သော စာများ

ထိုသို့ အမှုတော်များကို ထမ်းရွက်နေစဉ် ၌ ရွှေနားတော်သွင်း ဧးချင်း အပြင် ၁-ဗြို့ဟဒ်လက်ာ,

mgyoe.com

mgyoe.com



၂-သက္ကရာဇ်ဖြိုပုံ လက်ာ-တို့ကိုလည်း ရေးသားခဲ့ပေသေး၏၊(အချိုကမူ ပုဒ်ရေ ၃၀၉-ရှိ ရာဇဝံသ တေးကဗျာကိုလည်း ဦးဖျော်ပင် ရေးသားခဲ့သည်ဟု အဆိုရှိ၏၊ သို့ရှိသော်လည်း အချို့နေရာများတွင် ပလိပ်စားနေးချင်းပြ သက္ကရာဇ်များနှင့် မညီသဖြင့်၎င်းကို ကျွန်ုပ်တို့ ဥပေက္ခာ ပြုလိုက်ရပေသည်၊ ဦးဖျော်၏ ဘွားသက္ကရာဇ်ကိုလည်း ပေမူအချို့၌ ၁၀၀၀-ပြည့် ဘွားဟု မှားယွင်းလျက်ရှိသည်ကိုမူကောင်းတို့ဖြင့် ယုတ္တိကိုပါဆင်ခြင်၍ ၁၁၀၀-ပြည့်ဘွား-ဟုဖေါ်ပြရပါသည်၊ ဦးဖျော်မှာ စကိုင်းမင်း ဘကြီးတော် လက်ထက်တွင် အနိစ္စရောက်သဖြင့် စကိုင်းမင်း ဘကြီးတော်သည် သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် နန်းတက်ရာ၊ ထိုသက္ကရာဇ် ၁၁၈၁-ခုနှစ်မှာပင် ဦးဖျော်အနိစ္စရောက်သည်ဟုဆိုဦး ဘွားသက္ကရာဇ် မူမှား ၁၀၀၀-ပြည့်ကိုနုတ်က အသက် ၁၈၁-နှစ် ဖြစ်နေသောကြောင့် သဘာဝ ယုတ္တိမရှိချေ၊ စင်စစ်အားဖြင့် ရာနေရာဖြစ်သော ၁-၈ဏန်းနေရာမှာ ပေရေးသမားတို့ သုညဖြစ်သွားဟန်တူသည်၊ ထို့ကြောင့် ဘွားသက္ကရာဇ်မှာ ၁၁၀၀-သာ ဖြစ်ရပေမည်၊ သို့မှသာ စစ်ကိုင်းမင်းနန်းတက်သက္ကရာဇ် ၁၁၈၁-ကိုတည်၍ ဘွားသက္ကရာဇ်အမှန် ၁၁၀၀-နုတ်က အသက် ၈၁-နှစ်ကိုရသဖြင့် သဘာဝယုတ္တိရှိလေသည်။)

## နားတော်သွင်းနေးချင်း

ဦးဖျော်သည် ဤနားတော်သွင်း နေးချင်း တစောင်တည်းနှင့်ပင် စာဆိုလောကတွင် ထင်ပေါ် ကျော်

mgyoe.com

mgyoe.com



စောခဲ့လေသည်၊ ကျော်စောခြင်းမှာ မူလက စေဠ္ဍကူးမင်းသားအား ဆက်သွင်းသော နားတော်သွင်းပင်ဖြစ်သော်လည်း ဘုရင်မင်းမြတ်ကိုယ်တိုင်က သဘောတော်ကျလှသဖြင့် ပလိပ်ရွာကို ဆုအဖြစ်ပေး၍ စားစေရသောကြောင့်ပေတည်း။

## တန်ဘိုးမဖြတ်နိုင်

ဤစေဠ္ဍကူးမင်း နားတော်သွင်းခေါ် ပလိပ်စားဧချင်းသည်ကား- ပညာရှိ ကဝိတဆူ ပြုမူလိုသူတို့အဘို့ တန်ဘိုးမဖြတ်နိုင်အောင်ရှိချေ၏၊ ဤဧချင်းကို ယခုအကြိမ်၌ တည်းဖြတ်သူပင်လျှင် အသက်အရွယ် ငယ်စဉ်ကစ၍ နှုတ်တက်အရကျက်မှတ်၍ ပညာရှိတို့ထံမှ လေ့လာ၍လာခဲ့ရာ ယနေ့အထိပင် အနက်အဓိပ္ပါယ်နှင့်တကွ အရအမိ ရှိပါသေးသည်။

ဆရာကြီးဦးဖျော်သည် ထိုရွှေနားတော်သွင်းဧချင်းကို သီကုံးရေးသားရာ၌ အခြားစာတို့ကဲ့သို့ အချစ်အကြောင်း,ရာသီဘွဲ့, ဘုန်းတော်ဘွဲ့, ကောင်းကင်နက္ခတ်တာရာ, ရှုမြော်ခင်း, ဆွေတော်စဉ် စသည်တို့ကိုသာ အခြေခံထား၍ သီကုံးသကဲ့သို့ သီကုံးရေးသားသည် မဟုတ်သေးဘဲ၊ သညာ, နိမိတ်,ကတ္တား, ပရိမာဏ, ပယောဇဉ်ဟုဆိုအပ်သော ကျမ်းပြုခြင်း အင်္ဂါလက္ခဏာနှင့်ညီညွတ်ခြင်း၊ ဧချင်း ရေးနည်း စံနစ်အရဖြင့် နည်းမှန်စွာ သီကုံးရေးသားခြင်း၊ လောကတည်ဟန် ပျက်ဟန်တို့ကိုဖွင်း၊ နေလနက္ခတ်တာရာတို့ ဖြစ်ထွန်းပုံကိုဖွင်း၊ ပွင့်တော်မူပြီးသော ဘုရားရှင်တို့နှင့် ကပ်ဦးအစ မဟာသမ္မတမင်းမှအစ သိဒ္ဓတ္ထမင်းသားအထိ

mgyoe.com

mgyoe.com



ဆွေတော်စဉ်တို့ကိုဂုဏ်း၊ ပထမ,ဒုတိယ,တတိယသင်္ဂါယနာ တင်ပုံတို့ကို ကျမ်းဂန်နှင့် တပြေးတည်းညီစေရုံသာမက မဟာဝင်ကျမ်းလာ မင်းဆက်တို့ကိုလည်း နန်းတက်နှစ်တို့ဖြင့် ပြသသီကုံး ထားသည့်ပြင် "သုနာပရန်တမ္ဗဒီပ" ဟု ဆိုအပ်သော မြန်မာပြည်တွင် စိုးစံကြသည့် မင်းဆက် တို့ကိုလည်း ခုနှစ်သက္ကရာဇ်နန်းစံတို့ကို ဆွေတော်စဉ်တို့နှင့် အလင်္ကာဂုဏ်,ရသ မြောက်အောင် ဖော်ပြထားသဖြင့်လည်း ထိုးချေ်းမှာ တန်ဘိုးမဖြတ်နိုင်ချေ။

ထို့ပြင် အသံတူအကြောင်းကွဲ-ဟု ဆိုအပ်သောစွဲထားစပ်ထုံးများကို ကြိုးကြား-ကြိုးကြား ထည့်သွင်းစပ်ဆိုထားသဖြင့် အက္ခရာပေါင်းရစ်တို့ကို နားလည်စေခြင်း၊စပ်ထုံးမှန်-ကာရန်မှန်တို့ဖြင့်သာ စပ်ဆိုသီကုံးထားသဖြင့်လည်းသတ်ပုံသတ်ညွှန်းအရာတို့၌ လိမ်မာစေခြင်း၊ဝေါဟာရစကားပရိယာယ်တို့၌ ကြွယ်ဝခြင်းတို့အပြင်ဘုန်းတော်ဘွဲ့ကိုဆိုရာတို့၌လည်း နည်းအမျိုးမျိုး, ဥဒါဟရုဏ်အမျိုးမျိုးတို့ဖြင့်ပြဆိုခြင်း၊ သဒ္ဒါရမ္မတို့ကို သံဝေဂရယူလောက်အောင်သီကုံးရေးသားခြင်းတို့ကြောင့်လည်း တန်ဘိုး မဖြတ်နိုင်လောက်အောင် ကောင်းမွန်ပါပေ၏။

## လေ့လာကြ၏

ထို့ကြောင့်လည်း၌စဥ့်ကူးမင်းနားတော်သွင်းခေါ် ပလိပ်စားချေ်းကို ကုန်းဘောင်ခေတ် နောက်ပိုင်း၌မင်းခစားပြုလုပ်လိုကြသောသူအပေါင်းတို့နှင့်သွတ်တော်,ရုံးတော်တို့တွင် စာရေး,စာချီပြုလုပ်လိုကြသော

mgyoe.com

mgyoe.com



သူအပေါင်းတို့မှာ ၁-အသျှင် မဟာရဋ္ဌသာရသီကုံးခဲ့သော စတုဓမ္မသာရ-ခေါ် ကိုးခန်းပျို့၊ ဝါ၊ဟတ္ထိပါလပျို့နှင့် ၂- ဤစေဉ့်ကူးမင်းနားတော်သွင်း- ခေါ်ပလိပ်စားေးချင်းတို့ကို သဘောအဓိပ္ပါယ်တို့နှင့်တကွ အရကျက်ကာ စာရေးစာမေးပွဲ ပြုလုပ်ကျင်းပဖြေဆိုရလေသည်။

**မှာထားချက်။** ။ဤဇေးချင်းမှာ စေဉ့်ကူးမင်းနားတော်သွင်းဖြစ်၍ ဖေါ်ပြခဲ့သည့်အတိုင်း ပလိပ်စားေးချင်း-ဟူ၍လည်း ခေါ်လေသည်။ ။ထိုနှင့်အလားတူ ဟံသာဝတီရောက် မင်းတရား အိမ်ရှေ့မင်းဖြစ်စဉ် စေဉ့်ကူးမြို့ကို စားရသောအခါက ကန့်ကူ လက်လှဲ့ဆရာဖြစ်ခဲ့ဘူးသော ရှင်မဟာဗုဒ္ဓင်္ကုရ-သီကုံး ဆက်သွင်းခဲ့သည့် စဉ့်ကူးမင်းေးချင်းနှင့် သိရိဝေသူကျော်-သီကုံးခဲ့သည့် စဉ့်ကူးမင်းနားတော်သွင်း ေးချင်းများလည်း ရှိသေးကြောင်း အထူးမှတ်သားရမည် ဖြစ်ပေသည်။ ။ဤေးချင်းကို တည်းဖြတ်ရာ၌ မန္တလေးမြို့နန်းတွင်းရိုက်မူနှင့် ကင်းဝန်မင်းကြီး၏ လက်ကိုင်ပေမူတို့ကို အခြေခံပြုပါသည်။


တည်းဖြတ်သူ


**ဟံသာဝတီ**

**ဦးဘရင်**


**၁၃၂၂- ခု၊ ပြာသိုလဆန်း ၁၄-ရက်။**

mgyoe.com

mgyoe.com



mgyoe.com

# ပလိပ်စားရေးချင်း

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

၁။ မင်္ဂလာချက်ဘွေ၊ လေးရောင်တွေကို၊ ရစ်ခွေလကျ်ာ၊ တို့ကာမြောက်တောင်၊ တထောင်နိမ့်မြင့်၊ ဆယ့်နှစ်ဆင့်ဝယ်၊ အသင့်စဉ်စီ၊ စက်ဝန်းချီလျက်၊ တလီနှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်တွန်းမိုက်မှောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်လင်းထိန်၊ စက်ရဝိန်သို့၊ မျက်ဋ္ဌန္တနီ၊ ရောင်ညီလျှံဝါ၊ ထွန်းလင်းဖြာသည်၊ တောင်ညာမြင့်၊ ကျွန်းဇမ္ဗူထက်၊ ပစ္စူမိုးဖြန့်၊ တန်ခိုးကွန့်သား၊ ဆဒ္ဒန်သခင်၊ မှန်နန်းရှင်ဟု၊ သောင်းခွင်နှံ့မွှေ၊ ညာကြေလွှံပတ်၊ ကျွန်းလုံးနတ်၏၊ သည်းပွတ်တော်ကြီး၊ ပွင့်နီးရင့်ငုံ၊ လုံးစုံမချို့၊ ဘုန်းရောင်ပျို့သည်၊ တို့ခကျေးဇူးရှင်၊ စည်ပင်လန်းလူ၊ မြန်းမည့်သူကို၊ ထုံးယူမှတ်စေ၊ ကျမ်းဂန်ဋ္ဌေ၍၊ ရွှေနားတော်ကျူး၊

mgyoe.com



ပျို့ပျူးချိုသာ၊ လျှောက်ဝံ့ပါသည်၊ ။မင်္ဂလာတည့်မ
နေ့း-ပြီးလွှယ်ရေး။

၂။ ရှစ်သောင်းနှစ်ထောင်၊ နှစ်ပြန်ဆောင်သား၊
ကျောက်တောင်လည်စက်၊ တိုက်အနက်ဝယ်၊ ခွန်ထွက်
သိမ်းကျုံး၊ ထွတ်မင်းဆုံးနှင့်၊ ပတ်ကုံးဝိသယာ၊ အာ
ဏာဇာတိ၊ ခေတ်အချိတွင်၊ မရှိနှိုင်းအင်၊ မင်္ဂလာဏ်ရှင်
တို့၊ ထွန်းထင်တေဇာ၊ ဖြစ်ပွင့်ခါဝယ်၊ ရတနာခုနစ်၊
နတ်ဖြစ်ရိပ်ငြိမ်၊ စည်းစိမ်နေကျ၊ ထွန်းလှရာသို့၊ တူ
လှမယှဉ်း၊ တို့ထိပ်နင်းမှု၊ လေးစင်းပင်လယ်၊ နက်
ကျယ်ဗန်းလည်၊ ကျွန်းတည်တည်ကို၊ လှည့်မည်
စကြာ၊ မှန်လှစွာ၍၊ ဤစာရန်ကင်း၊ နားတော်သွင်း
လျှင်၊ နန်းခင်းရည်ရော်၊ ဘုန်းကြောင့်ပေါ်ရှင့်၊ ရှိန်
စော်ကြက်သရေ၊ တက်နေနှုန်းစံ၊ ဘုန်းရောင်လျှံ
သည်၊ အသမ္ဘိန္န၊ ခတ္တိယဖြစ်၊ နွယ်တော်စစ်တို့၊
ဆယ့်နှစ်သို့ကူး၊ ဆယ်ကကျူး၍၊ ငါးဦးမာရ်နိုင်၊
မြတ်ဆုံးတိုင်လည်း၊ ပည်းလှိုင်များကြွယ်၊ မိုးပြင်
ကြယ်သို့၊ မြတ်နွယ်စဉ်ကာ၊ မဆုံးရာသည်၊ ။နောင်
လာတည့်ဆက်ရေး-များလှသေး။

၃။ မြတ်နွယ် စဉ်လာ၊ လျှောက်မည် ရာကား၊
ကြမ္မာဘုန်းသန်၊ ရေးကျိုးဘန်၍၊ ချိန်တန်သင့်မူ၊ ပွင့်
မည့်သူ့ကို၊ နည်းယူကျမ်းလာ၊ ထုံးစံရှာသော်၊ မြင့်
ကြာရှေ့စပ်၊ အာဒိကပ်ထက်၊ လုံးရပ်ကိုယ်ပြင်၊ ဘုန်း
အင်ပညာ၊ လွန်ကဲစွာသည်၊ မဟာသမတ်၊ စက္ကဝတ်
တို့၊ နွယ်မြတ်ဝင်ချည်း၊ အမှန်တည်းရှင့်၊ ကျော်သည်း
အံ့ခလာက်၊ ဘိုးရှေ့မှောက်လည်း၊ ဆယ့်ခြောက်

mgyoe.com

mgyoe.com



သင်္ချေ၊ တွက်ရေခေါ်ညီ၊ မရဏဳထက်၊ ပည်းသီမြား မြောင်၊ နောက်နှစ်ထောင်တွင်၊ မြတ်ခေါင်ပွင့်ဦး၊ သုံးလူ့မှူးငယ်၊ ဆုထူးခံရ၊ ထိုကစ၍၊ များလှတွက်ကိန်း၊ သုံးသိန်းငါးသောင်း၊ ကိုးထောင့်နှစ်ကျိပ်၊ ရှစ်မာရ်နှိပ်တို့၊ တံဆိပ်ထပ်ဆင့်၊ ဗျာဒိတ်ဖွင့်၍၊ ရင့်အများတွင်၊ တပါးဝင်သား၊ ဘိုးရှင်လောင်းကျော်၊ မြတ်နွယ်တော်ကို၊ အာပေါ်ပျက်ပြုန်း၊ အစဆုံးက၊ ပန်းကုံးသောသွင်၊ ဦးရှိတင်အံ့၊ မျက်ရှင်ပြောင်ပြ၊ ဇောတခဲ့သို့၊ ချီးဖွဲ့များပုံ၊ နန်းပွင့်ငုံသည်၊ ၊ဧ္စေစုံ တည့်ဆေးလေး-နာစိစွေး။

၄။ ခေတ်ဝိသယ၊ အနန္တတွင်၊ ရေဆကုဋေ၊ တသိန်းနေတို့၊ မီးရေလေမှတ်၊ သံဝင့်သုံးဖြာ၊ ပျက်ခါညီမျှ၊ ဖြစ်ကြတူပြိုင်၊ ရံဆိုင်သီးသီး၊ လွန်ပြီးပွားဆဲ၊ ထွန်းမြဲနောင်လာ၊ တိုက်များစွာကို၊ ထွတ်ချာဆုံးမဲ့၊ ဉာဏ်ဖြင့်ချုံလည်း၊ ပြို့ပြို့လေးအင်၊ ကပ်သာဖြင်ခဲ့၊ ကုန်စင်ရေမီး၊ ပျက်ပြီးပွားစည်၊ တိုက်ထူးလည်တွင်၊ ရှေးတည်နှောင်းပျက်၊ အောင်မြေချက်ဝယ်၊ မြရွက်ပဒုံ၊ ရှစ်စုံငါးပွင့်၊ ဆင့်ရရင့်ကြောင့်၊ ဘုံမြင့်မိုးသူ၊ နိမိတ်ယူ၍၊ ငါးဆူပွင့်ရာ၊ မည်သာဘဒ္ဒ၊ သမိုက်ကြရှင့်၊ မဆွထိုခါ၊ မိုးရပ်ချာမှ၊ ဗြဟ္မာသက်ကျွန်း၊ ကိုယ်ထင်ထွန်းက၊ ရေဝန်းပေါ်ထက်၊ ချိုမြက်ရသာ၊ စားငှါချင်စိတ်၊ ရောင်ဖိတ်မကွန့်၊ လူပေါင်းလန့်သော်၊ မှောင်ဟန့်လှစ်တွန်း၊ နေဝန်းထွက်ပေါ်၊ လောကဓာတ်လုံး၊ ပေါင်းရုံးတူပင်၊ နှံ့မျှမြင်၍၊ ပုံ့ရှင်မြေဆီ၊ စိတ်ညီယူစား၊ ကျင့်ဖောက်ပြားက၊

mgyoe.com

mgyoe.com



ကွယ်ငြားမြေလွှာ၊ ထို့နောက်လာသည်၊ ၊ပဒါ တည့်နွယ်မွေး-ဆန်သလေး။

၅။ မြတ်လေးငုံဟန်၊ သလေးဆန်ကို၊ ဖန်ဖန်ယူစား၊ ကျင့်ဖောက်ပြားက၊ ယောက်ျားမိန်းမ၊ ဖြစ်ကြရမက်၊ နွဲ့ရှက်အိမ်ယာ၊ အစာသိုမှီး၊ မသီးဆန်လုံး၊ ခွံဖုံးရောက်နေ၊ ယူလေရာမဲ့၊ ကုန်လတ်ခဲ့က၊ တွတ်ဖွဲ့ဝေဘန်၊ ပေးတုံပြန်လည်း၊ မမှန်ခိုးစား၊ မုသားကွယ်ဖြုတ်၊ ရိုက်ပုတ်ထောင်းထု၊ ဖြစ်လှာမှုကြောင့်၊ တစုစည်းရုံး၊ နှလုံးမဖြူ၊ ကပ်ဦးသူတို့၊ စိတ်တူဝမ်းမျှ၊ ကြံကုန်ကြ၏၊ ကာလခုလျှင်၊ လူသွမ်းဖြင့်စွ၊ တို့တွင်စိုးရ၊ မင်းရှိမှဟု၊ တေဇတက်တုန်း၊ အာဏာဘုန်းဖြင့်၊ မှုန်းသော်မတုံ့၊ ကြားတိုင်းရွံ့သား၊ ပျိုဖွံ့သက်ရွယ်၊ နေနတ်နွယ်ကို၊ ဆယ်ဘို့တဘို့၊ နှစ်လို့သာကြည်၊ ပေးဆက်မည်ဟု၊ မြှောက်ရည့်ဘိသိက်၊ အောင်နိမိတ်ဖြင့်၊ ကျော်ထိတ်သပြေ၊ မင်းမူစေ၍၊ ညွှန့်ဝေနာမံ၊ သုံးမည်ခံသည်၊ နက်စံညီလှ၊ သမ္မတဟု၊ ပထမမင်းထီး၊ တည်ထောင်ပြီးသော်၊ နွယ်သီးမပြား၊ မြေးသားမြစ်ညွန့်၊ ပွားပြန့်ပြည့်လှိုင်၊ ခရိုင်မြို့ပေါင်း၊ ခြောက်သောင်းသုံးထောင်၊ တုတ်ခွန်ဆောင်သည်၊ ၊ထို့နောင်တည့်ရှည်ဝေး-ရမက်မြေး။

၆။ မြေးတုံရမက်၊ ဆယ့်နှစ်ဆက်၌၊ မိုက်မျက်တဏှာ၊ သုံးဖြာဒုစရိုက်၊ ကြိုက်လတ်သော့လျောက်၊ ကပ်လျှင်ရောက်က၊ ရွာမြောက်လေးထွေ၊ အာဝဋ်ရေဖြင့်၊ ကုန်စေမျောလွင့်၊ စဉ်သင့်ကြိုင်စွာ၊ ပန်းနံ့သာတည့်၊ ရတနာမိုး၊ သွန်းကာဖြိုးသော်၊ တော

mgyoe.com

mgyoe.com



တိုးတောင်ခြေ၊ ရှောင်လွဲနေသည်၊ မြတ်ဆွေနွယ်ပေါင်း၊ ကျန်လူဟောင်းတို့၊ ပုန်းအောင်းရာမှ၊ ထွက်တည့်ကြ၍၊ သီလမြဲလျက်၊ သင်္ချေသက်တိုင်၊ ပွားတက်စည်ဘိ၊ မင်းမရှိတည့်၊ ထိုပြီ့ုးမယုတ်၊ အာယုဆုတ်တွင်၊ သမုတ်နေကြ၊ သုံးမည်ရသား၊ ဒုတိယမင်းဆုံး၊ ဇမ္ဗူလုံးကို၊ သိမ်းကျုံးကာသာ၊ ဆက်နွယ်ဖြာမှ၊ ဆုတ်ကာပွားမြောက်၊ ထွန်းတောက်သုံးကြိမ်၊ ရန်လုံးနှိမ်၍၊ မတိမ်မမြုပ်၊ ဆက်ကာအုပ်ပြီး၊ ပတ်ချုပ်တိုင်းကား၊ ထိုနှစ်ပါးတွင်၊ ရွှေလားနှင်နှင်၊ ပွားစည်ပင်ရှင့်၊ နောက်လျှင်မပျက်၊ လူတို့သက်မူ၊ ဆုတ်တက်တုံ့ပြန်၊ လေးတန်ငါးမည်၊ ခြောက်တည်မင်းထူး၊ စိုးကွပ်မူးလျက်၊ ရှေးဦးကဲ့သို့၊ တိုင်းမြို့ထီးဆောင်း၊ ပွားပြန်ရှောင်းသည်၊ ၊ရှစ်သောင်းတည့်ထောင်လေး-ဆက်ရှည်ဝေး။

၇။ ခြောက်ဆူမင်းမြတ်၊ လွန်ပြီးလတ်သော်၊ နေနတ်နွယ်စစ်၊ ထွန်းခုနစ်မှ၊ မြတ်ရှစ်ဇနိန်၊ အသင်္ခိန်တွင်၊ မျှားဟိန္ဒဂု၊ ငြိမ်းရာစုသည်၊ ကကုသန္ဓ၊ သုံးလူ့ဘလျှင်၊ စိမ်းမြလဲ့ညို၊ ကုက္ကိုပြင်ရိပ်၊ ပလ္လင်ထိပ်ထက်၊ မာရ်နှိပ်ဆုံးရပ်၊ ရွှေပြည်ခပ်ရှင့်၊ ရှက်စပ်ထိုက၊ နဝမ၌၊ သမ္ဗတာဘုန်းကြွယ်၊ မပြတ်နွယ်ရှင့်၊ ခြောက်သွယ်ရောင်စုံ၊ ကောဏာဂုံဟု၊ သုံးဘုံသူ့ပန်း၊ ရေသဖန်းဝယ်၊ လေးခန်းသစ္စာ၊ သိပြီးခါသော်၊ ရှည်ကြာထို့နောက်၊ ပွင့်ချိန်ရောက်က၊ ဆယ်မြောက်မင်းကျော်၊ ဖြစ်ထွန်းပေါ်၍၊ မျိုးတော်မပြား၊ ဆက်ကာပွားလျက်၊ သုံးပါးအခေါင်၊ မြပညောင်တွင်၊ မာရ်

mgyoe.com

mgyoe.com



အောင်ဇိန၊ ကဿပမှ၊ နှစ်-လ-များပုံ၊ ဆုတ်တုံ တက်လျော၊ စဉ်သဘောဖြင့်၊ မုနောခံယူ၊ ဗုဒ္ဓကို လျှင်၊ ရှေးတူနန်းရိုး၊ တဖန်စိုးက၊ တန်ခိုးမချို့၊ သူ မြတ်တို့နှင့်၊ နှစ်လို့တိုင်ပင်၊ နှိုင်းဆင်ခြင်၍၊ စီရင် ဘွယ်မှု၊ တခုမကြွင်း၊ ပြီးစေလျှင်းမှ၊ မင်းတို့ကျင့်ရာ၊ မြတ်ဆယ်ဖြာက၊ ပြည်ရွာစည်ပင်၊ ခုနစ်အင်နှင့်၊ လေး သင်္ဂဟ၊ မယွင်းရသည်၊ ၊ရှည်လှတည့်နောင်ရေး- ထောက်မြော်တွေး။

၈။ မြော်တွေးနောက်နောင်၊ တည်ရစ်အောင်ဟု၊ ထောင်ခဲ့နန်းရိုး၊ ရှင်ချစ်ဘိုး၏၊ မြတ်မျိုးနွယ်ပေါင်း၊ ဆက်ဆံကြောင်းကို၊ နန်းလောင်းရည်ခန့်၊ ရွှေနား ကွန့်လော့၊ ဆယ်တန့်လွန်ဣုံ၊ ဘေးတော်ဦးမှ၊ ရင့်ကျုံသံသာ၊ စဉ်သင့်လာသည်၊ မဟာသမ္မတ၊ သားရောစတည့်၊ ဝရရောစ၊ ကလျာဏမှ၊ဝရကလျာ၊ ဆက်ကာသားတော်၊ ဥပေါသထ၊ ဒီပလ္လံပတ်၊ သား မန္ဓာတ်နှင့်၊ သားမြတ်ဝရ၊ သားလှဆက်မှု၊ ဥပဝရ၊ စေတီယက၊ မုစ္ဆသည်းချာ၊ မဟာမုစ္ဆ၊ မမျှဘုန်းဂုဏ်၊ မုစ္ဆလိန္ဒ၊ သာဂရတည့်၊ နှုန်းကြဘက်ကွာ၊ သာဂရ ဒေဝ၊ ဘရတနှင့်၊ နွယ်စဆက်မှီ၊ အင်္ဂီရသ၊ ထွန်းပ လျှံညီ၊ သားရုစိက၊ ဆက်ဘိဆင့်ပွား၊ သားပတာပ၊ နှံ့မျှအာဏာ၊ မဟာပတာပ၊ ပနာဒတည့်၊ ထိုက ဆက်လာ၊ မဟာပနာဒ၊ စံပဘက်လွတ်၊ သုဒဿန၊ ဒီပလှည့်ကာ၊ မဟာသုဒဿ၊ မပြတ်ခွန်စု၊ နေရုမည် သာ၊ မဟာနေရု၊ ဇမ္ဗူ့ခွန်သ၊ အစ္စိန္ဒဟု၊ မြတ်လှ မင်းစဉ်၊ နှစ်ကျိပ်ရှစ်တို့၊ ခုနစ်စုံရာ၊ ကုသာဝတီး

mgyoe.com



ကျော်ညီအုံ့ဆို၊ ရာဇဂြိုဟ်နှင့်၊ နဂိုရ်အောင်ချာ၊ မိထိလာဝယ်၊ မြင့်ကြာနှစ်-လ၊ စံပျော်ကြသည်၊ ၊မမျှတည့်ပြိုင်ဝေး-ဘုန်းရောင်ပြေး။

၉။ နှစ်ကျိပ်ရှစ်ယောက်၊ နှောင်းဆုံးပေါက်သည်၊ မဖေါက်ဝံသ၊ အစ္ဆိန္ဒ၏၊ သားလှမြေးမြစ်၊ ဆက်လစ်တာရာ၊ ရိပ်ဖြူကာလျက်၊ ကုသာဝတီ၊ ခွန်ဆီဆက်ချိန်၊ အရိန္ဒမ၊ မင်းဆုံးကျရှင့်၊ ထိုကပြန်မြောက်၊ ငါးကျိပ်ခြောက်တို့၊ ရန်တောက်မထ၊ အယုဇ္ဈပြည်၊ ထောင်တည်စိုးချုပ်၊ ဆုံးစွန်အုပ်သည်၊ ဒုပ္ပသဟ၊ ယင်းကဆက်သွယ်၊ ခြောက်ဆယ်ရာဇာ၊ ပြည်ဗာရာဝယ်၊အခြာသိမ်းကျုံး၊ မင်းဆုံးမှန်လှ၊ အဇိတတည့်၊ ထိုကဆက်ရှောင်း၊ ရှစ်သောင်း,ဒလးထောင်၊ ရန်အောင်ဌာန၊ ကပိလဌ်၊ ဗြဟ္မဒတ္တ။ ယင်းကနွယ်ရိပ်၊ သုံးကျိပ်ခြောက်ပါး၊ တိုင်းကားစည်ဘိ၊ ဟတ္ထိပုရ၊ ပြည်ချက်မဌ်၊ ကပိလဝင်၊ မင်းလျှင်နှောင်းကျန်၊ ဆက်ပြန်တုံလစ်၊ သုံးကျိပ်နှစ်တို့၊ ပြည်သစ်ထောင်ကြ၊ ကေစကျွ၊ နှောင်းပြုဘုန်းရှိန်၊ သူရိန်ဒေဝ၊ ထိုကဆက်ညီ၊မင်းဌာဝီတို့၊ ဝဇိရပြည်၊ ဆက်ရှည်ဆုံးထ၊ သာမိန၊ ခင်လှမျိုးနွယ်၊ နှစ်ဆယ်နှင့်နှစ်၊ တည်လစ်မြို့ပြ၊ မဓုရဝယ်၊ ဓမ္မဂုတ်လျှင်၊ အဆုံးရှင်၏၊ နွယ်စဉ်မပြား၊ ဆယ့်ရှစ်ပါးမူ၊ စံထားပုရ၊ အရိဋ္ဌ၊ ဆက်သခွန်သွင်း၊ သိပ္ပိမင်းသည်၊ ၊နှောင်းကြွင်းတည့် အဒေဟွး-နွယ်ဆက်သွေး။

၁၀။ ဆယ့်ရှစ်နှောင်းကြွင်း၊ သိပ္ပိမင်း၏၊ နွယ်ချင်းမျိုးစစ်၊ ဆယ့်ခုနစ်တို့၊ ရန်မြစ်လှဲဖြတ်၊ ဇူန္ဒပတ်

mgyoe.com

mgyoe.com



ဝယ်၊ ကျင့်ဝတ်မခွ၊ ဆုံးစွန်ကြသည်၊ ဖြဟ္မဒေဝ၊ ယင်းကဆင့်ပွား၊ တကျ်ပ် ငါးလျှင်၊ ထောင်ထား ပြောင်းနေ၊ ရန်နှိမ်မြေမှု၊ ဘောစဏ္ဍ၊ စံမှုဆုံးမှတ်၊ ဗလဒတ်မှ၊ နွယ်မြွတ်မဝေး၊ ဆယ့်လေး မှန်မော၊ ထွတ်မင်းစောတို့၊ ပြည်ကောသမ္ဗီ၊ စံညီဆုံးဘိ၊ ဟတ္ထိ ဒေဝ၊ ထိုကကိုးဆူ၊ ဖြန့်ရိပ်ဖြူနှင့်၊ ပြည်မူသာလှ၊ ကဏ္ဏဂေါစ္ဆိ၊ မည်ရှိနောက်မိုး၊ နရစိုးမှ၊ ဝှန့်ဖြိုးဘုန်း မြူး၊ ခုနစ်ဦးတို့၊ မည်ထူးပုရ၊ ပြည်ရောစဉ်၊ မဟိန္ဒ မင်းဖြစ်၊ ဆုံးပြန်လစ်သော်၊ ဆယ့်နှစ်ရာဇာ၊ ပြည်စမ္ပါ ဝယ်၊ နာဂဒေဝ၊ ထိုကပြန်ခွဲ၊ နှစ်ဆယ့်ငါးဖြာ၊ မိထိ လာ၌၊ သိမ်းကာဝွန်တုတ်၊ နှောင်းစံထုတ်မူ၊ သမုဒ္ဒ ဒတ်၊ ဆက်လတ်မြေးသား၊ ငါးနှင့်နှစ်ကျိပ်၊ ရန် ညွန့်နှိပ်တို့၊ ဂိရိဗ္ဗဇ၊ နဂရဝယ်၊ စိုးကြနောင်လာ၊ ဒိဝါကရ၊ ထိုမင်းကလျှင်၊ နွယ်စဆယ့်နှစ်၊ ဖွင့်လှစ် သိင်္ဂီ၊ တက္ကသီ၌၊ ကျင့်ညီမဖိတ်၊ ကာလိဿရ၊ ယင်း ကမြေးမြစ်၊ ဆယ့်နှစ်ဘူမိန်၊ နေသူရိန်တို့၊ ကုသိန္နာရုံ၊ ရွှေဘုံသာဌမ်း၊ စံငြိမ်းချမ်းသည်၊ ၊ထုံးတမ်းတည့် ဆွေးနွေး-ကျင့်ညီရေး။

၁၁။ ကျင့်ညီဆက်ခံ၊ နှောင်းဆုံးစံသည်၊ ဘုန်းလျှံ ထွန်းပ၊ သူရိန္ဒမှ၊ ပွားထညွန့်သန်၊ မင်းကိုးတန်တို့၊ ပြည်မွန်သိရိ၊ မလိဒ္ဓိ၌၊ မရှိနှုန်းရာ၊ နှောင်းစံမှာမူ၊ သာဂရစိုး၊ နေနတ်မျိုးတည့်၊ မြွတ်နိုးချစ်သက်၊ သား ဘုန်းတက်ကား၊ မလ္လဒေဝ၊ လောင်းမြွတ်လှက၊ စ၍ ရှက်ထွေး၊ သားမြေးမြစ်ဖြာ၊ ဆက်ကာကာလျှင်၊ တရာနှင့်ငါး၊ ရှစ်ရာပွားတို့၊ ရပ်ခြားပြည်သာ၊ မိထိ

mgyoe.com

mgyoe.com



လာဝယ်၊ စံကာမဇပြောင်း၊ နွယ်တော်ပေါင်းတွင်၊ နှောင်းနေမိထွတ်၊ ဗောဓိသတ်တည့်၊ သက်မှတ်တမျှ၊ ကာလာရနှင့်၊ သားလှရွှေစင်၊ သမင်္ဂိရ၊ သားရော စက၊ ဝံသခက်ရှူ၊ ဆက်တိုရှစ်သောင်း၊ လေးထောင်နှောင်းမူ၊ မြေစောင်းလုမျှ၊ အာဏာရှသည်၊ သီဟပတိ၊ဆက်ဘိထိုက၊ဝိဇိတနှင့်၊ဓမ္မ,နာဂ၊သေနသုံးပါး၊ သားသမိဒ္ဓ၊ သားလှဆက်ခံ၊ ဒိသမ္ဗတိ၊ ဘုန်းရှိဆက်ပြူ၊ သားရေဏုက၊ ကုသမည်သာ၊ မဟာကုသ၊ ဝသထ နှင့်၊ ဒသရဌ၊ ရာမမင်းဖျား၊ သည်းချားမှန်လှ၊ ဝိသာလက၊ စိတ္တရံသီ၊ တွင်ညီမည်ရ၊ အမ္ဗရံသီ၊ ဂုဏ်ဆိ ပြည့်ဝ၊ သုဇာတက၊ သားလှရင်းချာ၊ ဥက္ကာ ကရာဇ်၊ မင်းဆုံးဖြစ်ရှင့်၊ တွက်စစ်မချို့၊ ထိုမင်းတို့ကား၊ ညွှတ်ကြို့ကြေညာ၊ ဗာရာဏသီ၊ ပြည်ပုရိဝ်ယ်၊ လောကီ စည်းစိမ်၊ စံရိပ်ငြိမ်သည်၊ ၊ပျောက်တိမ်တည့် ရန်ဘေး-ကင်းညစ်ကြေး။

၁၂။ ယင်းသို့ မှတ်ထိန်း၊ ဂဏန်းကိန်းဖြင့်၊ နှစ်သိန်း ငါးသောင်း၊ နှစ်ထောင့်ငါးရာ၊ ငါးဆယ်သာမှ၊ စွန်းပါခြောက်ပါး၊ နွယ်တော်များကို၊ ခြားနား သီးသီး၊ လျှောက်ခဲ့ပြီး၍၊ လျှံညီး နေ့,လ၊ နေ့ညဥ္စပသို့၊ သကျမျိုးဘော်၊ ရှစ်သောင်း ကျော်တို့၊ ရွှင်ပျော် နန်းထက်၊ စံသည့်ချက်ကို၊ နန်းဆက်ပွင့်လျာ၊ ရွှေနားသာလော့၊ ဥက္ကာကရာဇ်၊ ထွတ်သင်းကျစ်၏၊ လွန်ချစ်တောင်ညာ၊ မင်းဟတ္ထာဝယ်၊ ဥက္ကာမုခ၊ စသည်ထင်ရှား၊ လေးယောက်သားနှင့်၊ ငါးပါးသမီး၊ ဘွားလေပြီး၍၊ စံငြီးလှဲဖေါက်၊ နတ်ရွာ ရောက်သော်၊ ထို

mgyoe.com

mgyoe.com



နောက် ညာတင်၊ တောင် နန်းရှင်တွင်၊ မြင်တုံပျိုနုစ သားဇန္တုကြောင့်၊ မျက်ရှုတသီး၊ သားကြီးတို့ဝံယ်၊ စွန်းငြိဘွယ်ဟု၊ တာတွယ်မရှိ၊ သွားစေဘိက၊ တမိ ဝမ်းပေါက်၊ ထိုကိုးယောက်လည်း၊ နောက်ပါ ကျွန်သင်း၊ များလုံးရင်းနှင့်၊ ဖြည့်တင်းစံပ၊ ထွက်ခဲ့ ကြွသော်၊ ဘုရား့မျိုးစွေ၊ ကျင့်သိမ်မွေ့သား၊ ရသေ့သခ်မ်း၊ ရဂုံ၄မ်းသို့၊ တောလမ်းခရီး၊ ရောက်ခါနီး၌၊ ကြိုဆီး ရှင်မွန်၊ပြသညွှန်သည်၊ ၊နောင်ဘန်တည့်ရှည်ဝေး-- တည်ကြောင်းပေး။

၁၃။ ကပိလဟု၊ မည်ရ ဘုန်းပော့၊ ရှင်ရသေ့ လျှင်၊ ပြ၍တည်ညီ၊ ပြည်ဌာနီကို၊ ကပီလဝတ်၊ မော် ကွန်း မှတ်၍၊ သက်ပြတ်လုမျှ၊ မောင်နှစ်မတို့၊ တူကွ စုံပေါင်း၊ စံကြကြောင်းကို၊ ဆင့်လောင်း ဘမင်းခင်၊ ကြားလေချင်သော်၊ ကျွမ်းကျင်လေဖြစ်၊ ငါ့သားချစ် တို့၊ မင်းစစ်ပြီလှ၊ စွမ်းနိုင်စွဟု၊ မြွက်ဟ သွန်းသွန်း၊ မိန့်ရွှေခွန်းကြောင့်၊ ပွဲ့မွန်းသောင်းခွင်၊ သာကီဝံင်ဟု၊ လွှံထင် ကျော်ဟိုး၊ မြတ်နွယ်မျိုးတွင်၊ နန်းရိုးမှန်စွာ၊ အစဖြာသည်၊ ဥက္ကာမုခ၊ နိပုရတည့်၊ မမျှဘုန်း၄န်၊ သားစန္ဒိမ၊ နေ့,လ နှုန်းရန်၊ စန္ဒမုခ၊ နှံမျှ ထင်ရှား၊ သားသီဝရာဇ်၊ ရန်မြစ် ဖြတ်လှည်း၊ သားသိဥ္စည်းက၊ ကျော်သည်းတံခွန်၊ မင်းဝေဿန်နှင့်၊ သားမွန်ဇာလိ၊ နှိုင်းပြီ ဘက်ကွာ၊ သီဟဝါက၊ သည်းချာတမွတ်၊ သီ ဟဿရ၊ ထိုကဆက်မှန်၊ သောင်းရှစ်ပြန်တွင်၊ ကဲလွန် နှစ်ထောင်၊ နောင်ဆုံးဆောင်သား၊ မင်းခေါင်နရိန်၊ ဇေယျသိန်သည်၊ ၊ဘုန်းရှိန်တည့်ပျံ့မွှေး-စံငြိမ့်လေး။

mgyoe.com

mgyoe.com



၁၄။ ဇေယျသေန၊ နရိန္ဒ၏၊ သားလှသက်စု၊ သီဟနုလျှင်၊ ပြိုင်တုလွတ်ကျွန်း၊ ဘရာမြန်းသော်၊ ဘုန်းတန်းတေဇာ၊ ပြင်းအာဏာနှင့်၊ ရင်းချာယောက်ဖ၊ အဥ္စနလျှင်၊ ဒေဝဒဟ၊ ပြည်မသာစံ၊ ဘိသိက်ခံ၏၊ တရံရောခါ၊ နှစ်ကောစာမူ၊ ပါဏာသိန္ဓု၊ ဆပသျှုသို့၊ မှန်မှုမချွတ်၊ ရောက်တိုလတ်က၊ မင်းမြတ်နှစ်ဘော်၊ ရှင်ကျော်ဒေဝီ၊ တပသီတို့၊ ညှိညီနှိုင်းဆ၊ တိုင်ပင်ကြ၍၊ နဝစန္ဒေ၊ ဖျက်ချေဖြိုပြီး၊ ရှေးပုံမှီးလျက်၊ တသီးနာဂတ်၊ သုဇိဓာတ်၍၊ သိမှတ်တွက်ရန်၊ အဝမာန်တွင်၊ နတ်ရန်ရှုပ၊ မုနိဆနှင့်၊ ဆိဒြကော၊ ဤမျှသာတည်း၊ ဘောမာရသ၊ ဆသုညနှင့်၊ ရှုပမယုတ်၊ ကြမ္မတ်နတ်လော၊ ဥစ္စမိုလ်မှ၊ အင်္ဂဒွေးဆနှင့်၊ ကေနတ်ဘိ၊ ဤမျှရှိ၏၊ တတိယရက်စမ်း၊ လဒ်မြှောက်ပြွမ်းပြီး၊ ခွဲခြမ်းသုံးထွေ၊ နတ်၍ချေက၊ တာရက်ရဟု၊ သီလမြဲမြီ၊ မြတ်ရှင်ပုံလျှင်၊ စီမံထူးဆန်း၊ ကိန်းခန်းဥပဒေ၊ ထားခဲ့ပေသည်။ ။စေ့ရေတည့် တွက်ရေး-မရှုပ်ထွေး။

၁၅။ ရှုပ်ထွေးမဲ့အောင်၊ ဘန်ဆောင်ခဲ့ထ၊ မြေခီမြင်လှသား၊ သီဟဟနု၊ နတ်ဘုံလုသော်၊ မျက်ရှုသားတော်ခီ၊ မင်းသုဒ္ဓေါ်လျှင်၊ မပေါ်မုတိမ်း၊ ရန်မျိုးငြိမ်းလျက်၊ ခွန်သိမ်းယူကာ၊ ဘုရားလျာကို၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်တွင်၊ ခေတ်ဇာတိရပ်၊ ကြွင်းမလပ်အောင်၊ ထပ်ထပ်သံဟည်း၊ တုန်လှုပ်ကြည်းမျှ၊ ကျော်သည်းထိန့်ဆူ၊ ဘွားတော်မူ၏၊ မတူနှုန်းဆွယ်၊ သုံးဆောင်လယ်၍၊ နှစ်ဆယ်နှင့်ကိုး၊ စံပယ်

mgyoe.com